# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၇ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့တို့ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်အစိုးရဧည့်ဂေဟာ K2 ၌ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ➔*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာ - ရုရှား နှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လေ့ဗ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ စိန့်ပီတာစဘတ်မြို့တွင် သွားရောက် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြု**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်၍ အလေးပြုကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လေ့ဗ်တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလွန်ဝေးကွာသော်လည်း နှစ်နိုင်ငံပြည်သူများနှင့် နှလုံးသားချင်း နီးကပ်နေသောကြောင့် သံတမန်ဆက်ဆံရေး သမိုင်းကြောင်းတစ်လျှောက် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကောင်းကို ထူထောင်ထားနိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး နှစ်ခုကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ရုရှားနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံရေး၊ စီးပွားရေး၊ ခေတ်မီသိပ္ပံနှင့် နည်းပညာထွန်းကား တိုးတက်နေသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးအား မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။

ဆက်လက်၍ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လေ့ဗ်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရုရှား - မြန်မာ ဆက်ဆံရေးများ ကောင်းမွန်လျက်ရှိခြင်းကြောင့် မိမိတို့ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ပါကြောင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှား - မြန်မာ နှစ်နိုင်ငံအကြား ကောင်စစ်ဝန်ချုပ်ရုံးသည် ပေါင်းကူးတံတားတစ်ခုသဖွယ် ဖြစ်သဖြင့် နှစ်နိုင်ငံအတွက် များစွာ အကျိုးရှိပါကြောင်း ပြောကြားသည်။

**ဂါရဝပြုပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးတို့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**❖ စိန့်ပီတာစဘတ်မြို့သည် မိမိတို့နိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်၊ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ နိုဗိုစီဗစ်မြို့နှင့် လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပျံသန်းလျက်ရှိ၊ ယခု စိန့်ပီတာစဘတ်မြို့နှင့်လည်း လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ၊ ရုရှားနိုင်ငံနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်၊ ကောင်စစ်ဝန်ချုပ်ရုံးမိသားစုများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် မိမိတို့နိုင်ငံအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အရေးကြီးသည့်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်**

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား ဒေသစံတော်ချိန် ယနေ့နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိကြရာ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အမွေးနံ့သာရည်ပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စိန့်ပီတာစဘတ်ကောင်စစ်ဝန်ချုပ်ရုံး ဆိုင်းဘုတ်အား အမွေးနံ့သာရည်များပက်ဖျန်းပေးကြပြီး ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် စိန့်ပီတာစဘတ်မြို့တွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။


**သိရှိလိုသည်များမေးမြန်း**

ဦးစွာ မြန်မာကောင်စစ်ဝန်ချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်ရာအချက်အလက်များ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု၊ သင်တန်းသားများ သင်တန်းတက်ရောက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့သို့ စတုတ္ထအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး စိန့်ပီတာစဘတ်မြို့၏ အချက်အချာကျမှုနှင့် အရေးပါမှုများ၊ သမိုင်းအစဉ်အလာများရှိသည်ကို သိရှိခဲ့ရကြောင်း၊

*စာမျက်နှာ ၅ သို့*


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။


*စာမျက်နှာ ၄ မှ*

ထို့ကြောင့် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ရန်အတွက် ယခင်ကတည်းက ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိန့်ပီတာစဘတ်မြို့တွင် စက်ရုံအလုပ်ရုံများ များစွာရှိပြီး သယ်ယူပို့ဆောင်ရေးအတွက်လည်း အချက်အချာကျသည်ကို တွေ့ရကြောင်း။

**လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်း**

အလားတူ ပညာသင်ကြားရေးတွင်လည်း ကောင်းမွန်မှုရှိသည်ကိုတွေ့ရကြောင်း၊ စိန့်ပီတာစဘတ်မြို့သည် မိမိတို့နိုင်ငံနှင့်ဆက်သွယ်ဆောင်ရွက်ရန် ကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ နိုဗိုစီဗစ်မြို့နှင့် လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပျံသန်းလျက်ရှိကြောင်း၊ ယခု စိန့်ပီတာစဘတ်မြို့နှင့်လည်း လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကောင်စစ်ဝန်ချုပ်ရုံးမိသားစုများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် မိမိတို့နိုင်ငံအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အရေးကြီးသည့် တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်ရှိမှုများမရှိစေရေးနှင့် အချိန်မီပြီးစီးစေရေး Check၊ Recheck၊ Counter Check များ ပြုလုပ်နေရန်လိုကြောင်း၊ နိုင်ငံအတွက် အကျိုးရှိနိုင်သည့် ကိစ္စရပ်များ၊ အကျိုးမပြုနိုင်သည့် ကိစ္စရပ်များကို ခွဲခြား၍ ဆက်လက်တင်ပြ ဆောင်ရွက်နိုင်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဆက်ဆံမှုများကောင်းမွန်တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေး ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ ခရီးလမ်းအရ ဝေးကွာသည့်နေရာတွင်တည်ရှိခြင်းကြောင့် တွက်ခြေကိုက်သည့် ထုတ်ကုန်များတင်ပို့နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆက်သွယ်မှုများ ကောင်းမွန်မြန်ဆန်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းသားအရာရှိများအတွက် ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

**ဈေးကွက်ရှာဖွေဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ကုန်ကြမ်းများကို အဓိကထား ထုတ်လုပ်ပြီး CMP အထည်ချုပ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ရော်ဘာကုန်ကြမ်းများလည်းထွက်ရှိကြောင်း၊ ရော်ဘာကုန်ကြမ်းများနှင့် ရော်ဘာထွက်ကုန်များကို တင်ပို့နိုင်ကြောင်း၊ အလားတူ ဆန်၊ ကော်ဖီ၊ လက်ဖက်နှင့် အခြားစိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုလည်း တင်ပို့နိုင်သကဲ့သို့ သစ်တောထွက်ပစ္စည်းများကိုလည်း တင်ပို့နိုင်ကြောင်း၊ မိမိတို့နိုင်ငံမှ ထုန်ကုန်များ စိန့်ပီတာစဘတ်မြို့သို့ တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း။

**ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်**

စိန့်ပီတာစဘတ်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးများကောင်းမွန်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးများထုတ်လုပ်လျက်ရှိသော်လည်း ဆေးရုံများ၌အသုံးပြုသည့် ကင်ဆာကုသဆေးများနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အဆိုပါကင်ဆာကုသဆေးအား ထုတ်လုပ်နိုင်ရေး နည်းပညာများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ကုသမှုအတွေ့အကြုံများ ရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သိပ္ပံနှင့်နည်းပညာရပ်များနှင့် ပတ်သက်၍ စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် မြန်မာပညာတော်သင်များ တက်ရောက်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ရုရှားနိုင်ငံသည် အားကစားနှင့်ပတ်သက်၍လည်း ထိပ်တန်းတွင်ရှိကြောင်း၊ ထို့ကြောင့် မြန်မာ့အားကစားမြှင့်တင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးရန်လို**

စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသားများ စနစ်တကျပညာသင်ကြားနိုင်ရေးနှင့် အခြားလိုအပ်သည့် ကိစ္စရပ်များကို ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်တန်းကာလနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ပညာများ သင်ယူရာတွင်လည်း အလေးထားသင်ယူသွားကြရန်လိုကြောင်း။


**အကျိုးရှိစွာဖြင့် အသုံးချ**

ကောင်စစ်ဝန်ချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့်လည်း ရုရှားဘာသာစကားနှင့်ပတ်သက်၍လည်း လေ့လာဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ အချိန်များကို အကျိုးရှိစွာဖြင့် အသုံးချသွားရန်လိုကြောင်း မှာကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာကောင်စစ်ဝန်ချုပ်ရုံးမိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ-ရုရှား စီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ကုမ္ပဏီများအကြား ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး



**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ မတ် ၅ ရက်တွင် ကျင်းပခဲ့သည့် မြန်မာ - ရုရှား စီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံမှ ပေါင်းဆန်များအား ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးနှင့် ရုရှားနိုင်ငံမှ ဓာတ်မြေသြဇာ တန်ချိန်သုံးသိန်းနှင့် ပိုးသတ်ဆေးများ ဝယ်ယူရေးတို့ အတွက် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို စိန့်ပီတာစဘတ်မြို့ lotte Hotel ၌ ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ကျင်းပသည်။ (ဓါတ်ပုံ)

အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ မြေသြဇာအသင်းတို့၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာဘက်မှ ကိုယ်စားလှယ်နှင့် ရုရှားနိုင်ငံဘက်မှ ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့်စိန့်ပီတာစဘတ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့နှင့် မတ် ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ အစိုးရညှော့ဂေဟာ K2 ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးနှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိန့်ပီတာစဘတ်မြို့တွင် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သိမ်၊ ကျောင်း၊ စေတီ တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးက စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေခဲ့သည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးက စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချအလေးပြု

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ စိန့်ပီတာစဘတ်မြို့ရှိ Piskar-yovskoye Memorial Cemetery သို့ရောက်ရှိကြရာ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတော်သီချင်းတို့အား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။

## အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က နှမ်းရိုးသဘာဝမြေဩဇာများ ထုတ်လုပ်


**ဆင်ပေါင်ဝဲ မတ် ၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်က ဒေသတွင်းရှိ တောင်သူများ လိုအပ်သည့် မြေဩဇာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် သဘာဝကုန်ကြမ်းများမှရရှိသော သဘာဝမြေဩဇာများကို ဈေးနှုန်းသက်သာစွာရရှိနိုင်စေရန် နှမ်းရိုးသဘာဝမြေဩဇာကို ထုတ်လုပ်လျက်ရှိသည်။

အဆိုပါသဘာဝမြေဩဇာတွင် အဓိကလိုအပ်သည့် နွားချေး၊ နှမ်းရိုး၊ ဖွဲနုနှင့် အကျိုးပြု အဏုဇီဝမြေဩဇာ(အီးအမ်)တို့ကို အသုံးပြု၍ သဘာဝမြေဆွေးကျင်းပေါင်း ၁၂၀ ဖြင့် ထုတ်လုပ်လျက်ရှိပြီး တစ်ကျင်းလျှင် နှစ်တန်နှုန်းဖြင့် ပိဿာ ၃၀ ဝင် အိတ် ၄၀ ထွက်ရှိကာ အိတ်ပေါင်း ၅၀၀၀ ဝန်းကျင်ခန့် ထုတ်ယူသုံးစွဲနိုင်ပြီဖြစ်သည်။ အသင်းအနေဖြင့် နှမ်းရိုးသဘာဝမြေဩဇာကို စံပြစိုက်ကွက်များတွင် ထည့်သွင်းစိုက်ပျိုးပြီး ၎င်းစိုက်ကွက်များတွင် ဝါနှင့်နေကြာသီးနှံများကိုစိုက်ပျိုးခဲ့ရာ အထွက်နှုန်းများကောင်းမွန်ခဲ့၍ မြေပဲ၊ ပဲစင်းငုံနှင့်နှမ်းများကို ဆက်လက်စိုက်ပျိုးမည်ဖြစ်သည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich က ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘီလာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ ရောက်ရှိ

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘီလာရုစ်နိုင်ငံ သမ္မတမစ္စတာလူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘီလာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်ရန်အတွက် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာနိုင်ငံဆိုင်ရာ ဘီလာရုစ်သံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘီလာရုစ်သမ္မတနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မင့်စ်မြို့ The Victory Monument ရှိ လွှမ်းသူ့ပန်းခွေချ အလေးပြုမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ The Victory Monument ရှိ လွှမ်းသူ့ပန်းခွေချ အလေးပြုမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ရှိ The Victory Monument ၌ လွမ်းသူ့ပန်းခွေချစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ရှိ The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

*စာမျက်နှာ ၈ မှ*

**လွမ်းသူ့ပန်းခွေချအလေးပြု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ လွမ်းသူပန်းခွေချ အလေးပြုစဉ် အချိန်၌ ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘီလာရုစ်သမ္မတ နိုင်ငံတော်သီချင်းတို့အား တီးမှုတ်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တွံတေးမြို့နယ်၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**တွံတေး မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အလံအုပ်ကျေးရွာတွင် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန(တွံတေး)နှင့် AHF MYANMAR တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဌာန၌ ကျင်းပသည်။



ဦးစွာ အဆောင်လေးဆောင်မှ သင်တန်းသူများက ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းပြိုင်ပွဲကို မဲနှိုက်၍ ယှဉ်ပြိုင်စေခြင်းနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပသည်။ ဆက်လက်၍ ဟောပြောပွဲကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီရွှေက အမှာစကားပြောကြားပြီး AHF မှ ဒါရိုက်တာ ဒေါက်တာဝင်းဦးက မုဒိတာစကားများ ပြောကြားသည်။

ထို့နောက် အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် အမျိုးသမီးငယ်လေးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးအတွက် ဆရာမ ဒေါ်အေမီက ဟောပြောပို့ချခဲ့ကာ ဖျော်ဖြေရေးအကသရုပ်ပြခြင်း၊ ကလေးများနှင့်အတူတကွ ပူးပေါင်းပါဝင်ဆင်နွှဲခြင်းများဆောင်ရွက်သည်။

ယင်းနောက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသောအဆောင်များနှင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တွံတေးသား**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်၌ သီတဂူကေတုမတီအာယုဒါနဆေးရုံတော်ကြီး ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၆**

သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ် သီတဂူကေတုမတီအာယုဒါနဆေးရုံကြီး၌ ကျင်းပသည်။



အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဂဏာဓိပတိ၊ သောဌသမရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ သီတဂူဆရာတော်ကြီးနှင့် သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်(တောင်ငူ)ပါမောက္ခသီတဂူကေတုမတီအာယုဒါနဆေးရုံကြီး တာဝန်ခံဆရာတော် ဒေါက်တာဘဒ္ဒန္တတိက္ခသာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒါယကာ၊ ဒါယိကာမများက တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးထံမှ ဩဝါဒကထာ နာယူကြသည်။ ... ဥပုသ်သီလခံယူဆောက်တည်၍ ဩဝါဒကထာ နာယူကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံ အလှူရှင်များက သီတဂူကေတုမတီအာယုဒါန ဆေးရုံတော်ကြီးအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ပြည်ထောင်စုဝန်ကြီးများက အလှူငွေများလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်ကြီး ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ ဝမ်းမြောက်စကား လျှောက်ထားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက အနုမောဒနာတရားဟောကြားရာတွင် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကတည်းက သူနာပြုလုပ်ငန်းကို ဦးဆောင်သူမှာ ဗုဒ္ဓဖြစ်သည်ကို သုတ္တန်ပိဋကတော်အရ ပြောဆိုနိုင်ပါကြောင်း၊ သံဃာတော်များ သီတင်းသုံးရာ ကျောင်းသင်္ခမ်းများတွင် ဂိလာနအာရောဂျဆာယာဆိုသည့် ဆေးကုသဆောင်များ တည်ဆောက်ထားသည်များကို အထောက်အထားများအရ သိရှိရပါကြောင်း၊ မြတ်စွာဘုရားရှင်က ဂိလာနသံဃာတွေ့ပါလျက် ဆေးကုသပေးမှုမပြုပါက အာပတ်ဖြစ်သည်ဟု ပညတ်ပါကြောင်း၊ ဂိလာနကို ဝိနည်းသိက္ခာနှင့်အညီ အချင်းချင်းမေတ္တာဖြင့် ကုသမှုပြုလုပ်ကြရန် ဘုရားရှင်ကိုယ်တိုင် မိန့်ဆိုထားခဲ့ကြောင်း၊ ဂိလာနကို ပြုစုပေးခြင်းသည် မြတ်စွာဘုရားအား ပြုစုရာရောက်သည်ဟု မိန့်ကြားတော်မူခဲ့ပါကြောင်း။

အသောကမင်းကြီး၏ သာသနာပြုအထိမ်းအမှတ် ကျောက်တိုင်စိုက်ထူရာတွင် တစ်နေရာတစ်မျိုးဖြစ်ပြီး နွားရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ခြင်္သေ့ရုပ်စသည့် အရုပ်လေးမျိုး စိုက်ထူပါကြောင်း၊ နွားရုပ်နှင့်ဆိုင်သည့် နွားလားဥသဘသည် လူတို့၏ အကျိုးစီးပွား ဆောင်ရွက်သည့်နေရာတွင် သည်းခံအားအလွန်ကောင်းသည့်အတွက်ကြောင့် ဘာသာသာသနာအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်သည့်အခါ နွားလိုသည်းခံ အားကောင်းကောင်းဖြင့် ဆောင်ရွက်ရန်လိုပါကြောင်း၊ မြင်းရုပ်နှင့်ဆိုင်သည့်မြင်းသည် ပြေးလွှားအား အလွန်လျင်မြန်သည့်နည်းတူ ဘာသာသာသနာအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုး၊ လူတို့၏အကျိုးစီးပွားကို ဆောင်ရွက်သည့်နေရာတွင် မြင်းလိုပင် အရှိန်အဟုန်သုံးပြီး အလုပ်ကိုမြန်မြန်လုပ်ရန်လိုအပ်ပါကြောင်း၊ ဆင်ရုပ်နှင့်ဆိုင်သည့် ဆင်သည် မြေပြင်တွင် အင်အားအကောင်းဆုံးဖြစ်သည့်အတွက်ကြောင့် အလုပ်လုပ်ရာတွင် ဆင်လိုအင်နှင့်အားနှင့် ဆောင်ရွက်ရန်လိုကြောင်း၊ ခြင်္သေ့သည်ကြောက်ရွံ့မှုမရှိဘဲ သတ္တိရှိသောကြောင့် လုပ်ငန်းတစ်ခုလုပ်ရာတွင် ခြင်္သေ့လို သတ္တိရှိရှိလုပ်ရန်လိုကြောင်း၊ ဘာသာရေး၊ လူမှုရေးရာများနှင့် ဂိလာနစောင့်ရှောက်မှုရေးရာများ လုပ်ဆောင်ရာတွင် လူအင်အား၊ ပစ္စည်းအင်အား၊ ငွေအင်အားနှင့် စိတ်ဓာတ်အင်အား စသည့်အင်အား လေးမျိုးဖြင့် လုပ်ဆောင်ရန်လိုကြောင်း မိန့်ကြားသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် ဥပုသ်သည်အပေါင်းတို့က သီတဂူအဓိဋ္ဌာန် ရွတ်ဆိုပူဇော်၍ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့က စက်ခလုတ်နှိပ်၍ သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်ကြီး မင်္ဂလာမုခ်ဦးကို ဖွင့်လှစ်ပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ နယ်မြေခံလေတပ်စခန်း ဌာနချုပ်မှူးတို့က ဖဲကြိုးဖြတ်၍ သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်မင်္ဂလာတံခါးကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများသည် သီတဂူကေတုမတီအာယုဒါန ဆေးရုံတော်ကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် သွားတုတပ်ဆင် ဆေးကုသမှုခံယူနေသော လူနာများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ သဘောတူညီခဲ့သည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရုရှားစွမ်းအင်ဝန်ကြီးဌာနနှင့် ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး



**နေပြည်တော် မတ် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားနိုင်ငံခရီးစဉ်အတွင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ပထမဒုတိယဝန်ကြီး Mr. Pavel Sorokin နှင့် ရုရှားနိုင်ငံတော်ပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ “Zaru-bezhneft” မှ နိုင်ငံတကာဆက်ဆံရေးဌာန အကြီးအကဲ Mr. Aleksander Boldyrev တို့ကို ယမန်နေ့ နံနက် ၉ နာရီခွဲက မော်စကိုမြို့ရှိ Radisson Collection ဟိုတယ်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် ထားဝယ်ရေနက်ဆိပ်ကမ်းအနီး LNG Terminal တည်ဆောက်၍ ပြည်တွင်းသုံးနှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ LNG Terminal မှတစ်ဆင့် ဆက်သွယ်မည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်နိုင်ရန်ကိစ္စများတွင် ရင်းနှီးမြှုပ်နှံရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရေနံချက်စက်ရုံ တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ စက်သုံးဆီ လိုအပ်ချက်များကို သက်သာသောဈေးနှုန်း (friendly price) ဖြင့် ရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရန် အကူအညီပေးရေးနှင့် အလားအလာကောင်းများ ရှိနေသည့် ကမ်းလွန် လုပ်ကွက်များတွင် ရုရှားကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်း ဆောင်ရွက်ရန်အတွက် ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်းအား လာရောက် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

**သတင်းစဉ်**

# ကလေးမြို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ကလေး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် ကလေးခရိုင် လူမှုဝန်ထမ်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံ စက်ချုပ်သင်တန်း (၈/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကလေးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးအဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၀၀ တက်ရောက်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀ အား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၏ သက်တော်(၉၃)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

နေပြည်တော် မတ် ၆

နေပြည်တော် လယ်ဝေးမြို့ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၏ သက်တော်(၉၃) နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။



အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒနှင့် ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ တပည့်၊ ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တေးသံရှင် ဝိုင်းလမင်းအောင်က အရှင်ဝရဏာလင်္ကာရဘိဝံသ (အမရပူရ- မဟာဂန္ဓာရုံ)ရေးသားပူဇော်သည့် မဟာဂုဏပူဇာပတ္ထနာ တေးထပ်ဖြင့် သီဆိုပူဇော်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ အလှူရှင်များက ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပူဇော်ခံတော်မူကြမည့် ဘွဲ့ခံဆရာတော်၊ သံဃာတော်များနှင့်ဘွဲ့ခံသီလရှင် ဆရာကြီးများအား နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်း၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူမည့်မဏ္ဍပ်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# MSME များ ဖွံ့ဖြိုးရေးအတွက် အစားအသောက်ဓာတ်ခွဲခန်းစင်တာသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိ

နေပြည်တော် မတ် ၆

မဲခေါင်- လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေ စီမံကိန်း (၂၀၂၂)ဖြင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက ဆောင်ရွက်သော နေရောင်ခြည်စွမ်းအင်ပြခန်းနှင့် ဆိုလာသင်တန်းစင်တာဖွင့်ပွဲ၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဓာတ်ခွဲခန်းစင်တာဖွင့်ပွဲနှင့် ဆိုလာစနစ်များအသုံးပြုမှုမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲ အခမ်းအနားများကို ယနေ့တွင် ရန်ကုန်မြို့ရှိ အဆိုပါဦးစီးဌာန၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Dr. Zheng Zhihong၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ စက်မှုလက်မှုနှင့် ဆိုလာကုမ္ပဏီများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေရောင်ခြည်စွမ်းအင်ပြခန်း၊ ဓာတ်ခွဲခန်းစင်တာကို ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင် ရင်းမြစ်များမှ အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်ပြခန်း၌ ဆိုလာအသိပညာများနှင့် ဆိုလာသင်တန်းစင်တာ၌ ခေတ်မီနည်းပညာများကို လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် MSME များ ဖွံ့ဖြိုးရေးအတွက် အစားအသောက်ဓာတ်ခွဲခန်းစင်တာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ယခုစီမံကိန်းမှတစ်ဆင့် နည်းပညာ ဆက်လက်မြှင့်တင်သွားရန်နှင့် သုတေသန ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်သံမှူးကြီး Dr. Zheng Zhihong က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဓာတ်ခွဲခန်းစင်တာနှင့်နေရောင်ခြည်စွမ်းအင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆိုလာစနစ်များအသုံးပြုမှုမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲ တက်ရောက်ပြီး နိုင်ငံတကာနှင့် ပြည်တွင်းဆိုလာပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦးကို ယနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ရာတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ploen Klinpayom နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၄၃၄၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၂၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၁၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၄၃၄၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဓာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇတ်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ် (တိုင်ပေ) တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းထားစဉ်။

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဝါသီးနှံမှ ဝါဂွမ်းနှင့် ချည် ပိုမိုထုတ်လုပ်ရေးနှင့် ပိုလျှံဝါဂွမ်းကို နိုင်ငံတကာအရည်အသွေး သတ်မှတ်ချက်များနှင့်အညီ တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝါဂွမ်းများအနက် ပြည်တွင်းသုံးစွဲ၍ ပိုလျှံသည့်ဝါဂွမ်းများကို နိုင်ငံတကာအရည်အသွေး သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ ဝါသီးနှံစိုက်ပျိုးရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် အလေးထားဆောင်ရွက်ရန်၊ ဝါသီးနှံမျိုးကောင်းမျိုးသန့်အသုံးပြုနိုင်ရန်၊ ဝါဂွမ်းနှင့်ချည်ကို ပိုမိုထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းသုံးပြီး ပိုလျှံပါက နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီစွာ တင်ပို့နိုင်ရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု လျာထားချက်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၆၄၅၇၁၂ ဧကနှင့် ၅၃၉၆၅၆ တန် ထွက်ရှိရန် လျာထားသည်ဟုသိရကြောင်း၊ ဝါဂွမ်း တင်ပို့နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ကဏ္ဍများမှ ပူးပေါင်း၍ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ကြိုးစားအကောင်အထည်ဖော်**

တက်ရောက်လာကြသည့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ စီးပွားရေးသံမှူးများနှင့် အသင်းအဖွဲ့များမှ တက်ရောက်လာကြသူများအနေဖြင့် ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပို့ကုန်ဈေးကွက်များ ရှာဖွေမြှင့်တင်ရန်၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှတသည့် ကုန်သွယ်မှု၊ မှန်ကန်သည့် ကုန်သွယ်မှုဖြစ်ရန် သက်ဆိုင်ရာအစိုးရဌာနနှင့် အသင်းအဖွဲ့များအားလုံးက လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် ကြိုးစားအကောင်အထည်ဖော်ကြရန် ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ရှိ မြန်မာစီးပွားရေးသံမှူးများနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပိုလျှံဝါဂွမ်းကို နိုင်ငံတကာအရည်အသွေး သတ်မှတ်ချက်များနှင့်အညီ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အမျိုးသားရေကူးကန်အား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ် အားကစားနှင့်ကာယပညာဦးစီးဌာန ရန်ပုံငွေကျပ် ၂၄၁ သန်းဖြင့် ဆောင်ရွက်နေသော အမျိုးသားရေကူးကန် ရေသန့်စင်စက်ခန်းနံရံ ပြုပြင်နေမှု၊ ရေသန့်စင်စနစ် Filter ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** ရေသန့်စင်နေအောင် ဆောင်ရွက်ရန်၊ နွေရာသီရေကူးသင်တန်းများ ဆက်လက်ဖွင့်လှစ်ရန် ရေကန်သပ်ရပ်သန့်ရှင်းစေရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားရေကူးကန် (ဦးဝိစာရ) ဝင်းအတွင်းရှိမြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် GYM အားကစားခန်းဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတို့၌ နွေရာသီအားကစားသင်တန်း တက်ရောက်နေသော သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်ရေးနှင့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အဆင့်မီယှဉ်ပြိုင်အောင်မြင်မှုရရှိရေးကိစ္စများကို ဆွေးနွေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ရုံးခန်း၌ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ရေကူးကန်ထိန်းသိမ်းရေးကိစ္စရပ်များ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် ဗဟန်းမြို့နယ်ရှိ ဗဟန်းမြက်ခင်းတု ဘောလုံးကွင်းနှင့် ကြည့်မြင်တိုင်မြို့နယ် စလင်းဘောလုံးကွင်းတို့၌ ဘောလုံးကွင်းပြင်ဆင်ထိန်းသိမ်းနေမှုများ၊ ပွဲကြည့်စင်ပြင်ဆင်မည့် လျာထားချက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ



ပတ္တမြားခန်းမ၌ စက်ဘီး၊ E-Sports၊ ရိုးရာအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံရာ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့ချုပ်အလိုက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများ၊ ရေတိုရေရှည် ဆောင်ရွက်မည့် အစီအမံများ၊ ပြိုင်ပွဲ၌ အောင်မြင်မှုရရှိအောင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ အချိန်မီတင်သွင်းသယ်ယူရရှိနိုင်ရေး ကိစ္စရပ်များကို လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အိမ်ရှင်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရန် အချက်များ၊ အဖွဲ့ချုပ်အလိုက် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ ပြိုင်ပွဲအတွေ့အကြုံ ရရှိရေးအတွက် ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများ၌ ယှဉ်ပြိုင်ရေးနှင့် ပူးတွဲလေ့ကျင့်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာ ရရှိနိုင်ရေးကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း

**နေပြည်တော် မတ် ၆**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၂)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အလယ်အလတ်အဆင့် အရာထမ်းများပီပီ မိမိအထက်အဆင့်အရာထမ်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ထောက်ကူပေးကြရန်နှင့် လက်အောက်အရာထမ်း၊ အမှုထမ်းများကို သင်ကြားပြသကာ ကိုယ်တိုင်က စံနမူနာပြဖြစ်အောင် ကြိုးစားကြရန်၊ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်၍ စွမ်းရည်ထက်မြက်သော အရာထမ်းကောင်းများဖြစ်အောင် အတွေးအခေါ်၊ခံယူချက်၊ ယုံကြည်ချက်များကို ခေတ်စနစ်နှင့်အညီ ပြောင်းလဲကြရန်နှင့် လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ အစဉ်ကြိုးပမ်းထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၂)၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာဘွဲ့လက်မှတ်များ ချီးမြှင့်သည်။ သင်တန်းသို့ သင်တန်းသား ၃၃ ဦး၊ သင်တန်းသူ ၄၀ စုစုပေါင်း ၇၃ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၅ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မတ် ၇ ရက်၌ အများအားဖြင့် သာယာမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။**မိုး/ဇလ**

# ဖက်စပ်လုပ်ငန်းများ၊ အစိုးရနှင့်ပုဂ္ဂလိက နည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၆**

ဖက်စပ်လုပ်ငန်းများ၊ အစိုးရနှင့်ပုဂ္ဂလိက နည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အစိုးရဌာနအဖွဲ့အစည်းများတွင် ပုဂ္ဂလိကနှင့်ဖက်စပ်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ (Joint Venture)၊ အစိုးရနှင့် ပုဂ္ဂလိကတို့အကြား နည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများက စီမံကြီးကြပ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးမှုနှင့်စပ်လျဉ်း၍ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်နေသူ(PAPP) များ ခန့်ထားရာတွင်လည်းကောင်း၊ အထောက်အကူဖြစ်စေရန်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့်တာဝန်များကို ပိုမိုရှင်းလင်းလွယ်ကူပြီး လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်ရည်ရွယ်၍ ယနေ့ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို စွမ်းဆောင်ရည် ပြည့်မီစွာဖြင့် စာချုပ်ပါရည်ရွယ်ချက်ကို သတ်မှတ်ကာလအတွင်း ထိရောက်စွာဆောင်ရွက်နိုင်စေရန် အရေးကြီးပါကြောင်း။

အဆိုပါလုပ်ငန်းများတွင် စာရင်းစစ်ဆေးရေးလုပ်ငန်းဆောင်ရွက်နေသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်နေသူ(PAPP)များအား စာရင်းစစ်ခန့်အပ်ခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့်တာဝန်ရှိမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းစွာဆောင်ရွက်နိုင်စေရန် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စာရင်းစစ်ဆေးခြင်း၊ အစီရင်ခံစာပေးပို့ခြင်း၊ အစီရင်ခံစာအပေါ် ကုမ္ပဏီ၊ ဌာနများမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေပြန်ကြားခြင်း၊ Follow up ဆောင်ရွက်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းမည့်လုပ်ငန်းများ ဖြစ်ပေါ်လာစေရေး၊ ဝန်ဆောင်မှုအရည်အသွေး ပိုမိုကောင်းမွန်စေရေး၊ အစိုးရ၏ဘဏ္ဍာ ငွေကြေးဝန်ထုပ်ဝန်ပိုးကို လျှော့ချ၍ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများပူးပေါင်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာဖြူအေးက ဖက်စပ်ကုမ္ပဏီများ၊ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်း၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော စီမံကိန်းစာရင်းများစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြဇင်က နည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ကြီးကြပ်မှု၊ စီမံခန့်ခွဲမှုဖြင့်ဆောင်ရွက်သည့် အခြားရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ယင်းနောက်ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်နေသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး မေးမြန်းမှုများအပေါ် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ ဒုတိယစာရင်းစစ်ချုပ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဘုတ်အဖွဲ့ဝင်များနှင့် အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်နေသူများက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ တာဝန်ရှိသူများ၊ အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်နေသူများက Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

**သတင်းစဉ်**



## နွေစပါးတစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိနိုင်ရေး နွေစပါးစံကွက်ရိတ်သိမ်း

**ဘားအံ မတ် ၆**

လယ်ယာကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှု၊ သီးနှံအထွက်နှုန်းတိုးတက်မှုနှင့် စားရေရိက္ခာဖူလုံမှု ရှိ/မရှိ တွက်ချက်နိုင်ရန် ကရင်ပြည်နယ်မြေစာရင်းဦးစီးဌာနမှ နွေစပါးတစ်ဧကအထွက်နှုန်းမှန်ကန်စွာရရှိနိုင်ရေး နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က ဘားအံမြို့နယ်ရဲသာကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်ဦး၏ ဆင်းသုခနွေစပါးစိုက်ခင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍကို တစ်နှစ်ထက်တစ်နှစ် ပိုပို၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဌာနဆိုင်ရာများ၊ လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့် တောင်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားပြီး ပြည်နယ်မြေစာရင်း ဦးစီးဌာနမှူးက စံကွက်ရိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမား ဦးကြီးများသည် နွေစပါးအထွက်နှုန်းမှန်ကန်စွာရရှိနိုင်ရေး စိုက်ပျိုးပြီးစီးသည့် ဧကများအနက် ကိုယ်စားပြုအလွှာ(ကောင်း)ကို ကိုယ်စားပြုသော ဆင်းသုခနွေစပါးစိုက်ခင်းကို မြေစာရင်း ဦးစီးဌာနမှဝန်ထမ်းများက (၆ ဒသမ ၆ ပေ x ၆ ဒသမ ၆ ပေ) ပတ်လည်ဧရိယာ ၀ ဒသမ ၀၀၁ ဧက စံကွက်သုံးကွက်အား စံကွက်ရိတ်သိမ်းခြင်း၊ အမှတ်(၂၀) ဘားအံစက်မှုလယ်ယာဦးစီးဌာနမှ ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့သရုပ်ပြသခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စူပါအီးအမ်ဘိုကာရှီမြေဆွေးပုံ ပြုလုပ်ခြင်း ကွင်းသရုပ်ပြပွဲနှင့် ရိတ်သိမ်းပြီး နွေစပါးများအား ဝန်ထမ်းများက ချိန်တွယ်တိုင်းတာခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စံကွက်ရိတ်သိမ်းသည့်အဖွဲ့နှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း ၁၁၇ ဒသမ ၁၈ တင်း ထွက်ရှိကြောင်း၊ ယခုနှစ်တွင် ကရင်ပြည်နယ်အတွင်းနွေစပါး ၁၁၃၈၈၄ ဧက စိုက်ပျိုးထားရှိပြီး တစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိနိုင်ရေး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက်ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စံကွက်ပေါင်း ၁၆၈၃ ကွက်ကို ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြည်နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၉၆ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၈ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၃ ဒသမ ၂၂၄ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ရေယာဉ်နှင့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ၅၄၉၃ ဒသမ ၂၂၄ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၀၉၈ ဒသမ ၆၄၅ သန်းကို သတင်းပေး ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည် ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ ဖုန်း - ၀၉၄၀၄၃၃၂၉၉၆၉၊ ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



သတင်းပေးတိုင်ကြားမှုကြောင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

လီဗာပူးအသင်းသည် တိုက်စစ်ထက် ခံစစ်ကိုအားပြုကာ ပီအက်စ်ဂျီအသင်းကို တုံ့ပြန်ကစားခဲ့သည်။ လီဗာပူးအသင်း၏ ခံစစ်အားပြုကစားမှုမှာ အလုပ်ဖြစ်ခဲ့ပြီး ပြိုင်ဘက်အသင်း၏ တရစပ်ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပွဲချိန်ပြည့် အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သည်။

ပီအက်စ်ဂျီ အသင်းသည် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများနှင့်အတူ လီဗာပူးအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၂၇ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။ ပြိုင်ဘက်လီဗာပူး အသင်းက ပီအက်စ်ဂျီအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ သို့သော်လည်း လီဗာပူးအသင်းသည် ပြိုင်ဘက်အသင်း၏ တိုက်စစ်ကို ခုခံကာကွယ်နိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ယခုအနိုင်ပွဲကြောင့် ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် အားကောင်းလာခဲ့သည်။ ပြိုင်ဘက် ပီအက်စ်ဂျီအသင်းက ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့တွင် လီဗာပူးကို ပြတ်သားသောရလဒ်ဖြင့် နိုင်ပွဲရရှိမှသာ နောက်တစ်ဆင့်တက်လှမ်းနိုင်မည်ဖြစ်သည်။

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှ အခြားပွဲစဉ်ရလဒ်များတွင် အင်တာမီလန်က ဖီယင်နုကို နှစ်ဂိုး-ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က လေဗာကူဆင်ကို သုံးဂိုး-ဂိုးမရှိ၊ ဘာစီလိုနာက ဘင်ဖီကာကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရေး အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့ကြသည်။

**အောင်ဇော်**

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ကျောင်းသူများ၏ အမည်စာရင်း

*(ယမန်နေ့မှအဆက်)*

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ကျောင်းသူများ၏ အမည်စာရင်း ကြေညာခြင်း

| စဉ် | ဝန်ကြီးဌာန | တက္ကသိုလ် | ကျောင်းသား/သူ အမည် | အထူးပြု ဘာသာရပ် |
|---|---|---|---|---|
| ၅၇ | ပညာရေးဝန်ကြီးဌာန | လှိုင်ကော်ပညာရေးဒီဂရီကောလိပ် | မသန္တာဦး | ပညာရေး |
| ၅၈ | ပညာရေးဝန်ကြီးဌာန | ဘားအံပညာရေးဒီဂရီကောလိပ် | စောလင်းထက် | ပညာရေး |
| ၅၉ | ပညာရေးဝန်ကြီးဌာန | ဟားခါးပညာရေးဒီဂရီကောလိပ် | မောင်နန်ခန့်တွောင် | ပညာရေး |
| ၆၀ | ပညာရေးဝန်ကြီးဌာန | စစ်ကိုင်းပညာရေးဒီဂရီကောလိပ် | မသဲဆုမွန် | ပညာရေး |
| ၆၁ | ပညာရေးဝန်ကြီးဌာန | မုံရွာပညာရေးဒီဂရီကောလိပ် | မောင်ဇင်မျိုးအောင် | ပညာရေး |
| ၆၂ | ပညာရေးဝန်ကြီးဌာန | ကသာပညာရေးဒီဂရီကောလိပ် | မနီနီဝင်းထက် | ပညာရေး |
| ၆၃ | ပညာရေးဝန်ကြီးဌာန | ထားဝယ်ပညာရေးဒီဂရီကောလိပ် | မအေးပြည့်ဖြိုးသန့် | ပညာရေး |
| ၆၄ | ပညာရေးဝန်ကြီးဌာန | တောင်ငူပညာရေးဒီဂရီကောလိပ် | မောင်လှိုင်ဝင်းထွန်း | ပညာရေး |
| ၆၅ | ပညာရေးဝန်ကြီးဌာန | ပြည်ပညာရေးဒီဂရီကောလိပ် | မပိုင်းစုခိုင် | ပညာရေး |
| ၆၆ | ပညာရေးဝန်ကြီးဌာန | မကွေးပညာရေးဒီဂရီကောလိပ် | မသီရိဖုန်းခန့် | ပညာရေး |
| ၆၇ | ပညာရေးဝန်ကြီးဌာန | ပခုက္ကူပညာရေးဒီဂရီကောလိပ် | မသိမ့်သိမ့်ခိုင် | ပညာရေး |
| ၆၈ | ပညာရေးဝန်ကြီးဌာန | မန္တလေးပညာရေးဒီဂရီကောလိပ် | မပန်းအိခိုင် | ပညာရေး |
| ၆၉ | ပညာရေးဝန်ကြီးဌာန | မိတ္ထီလာပညာရေးဒီဂရီကောလိပ် | မောင်ဟိန်းမြတ်အောင် | ပညာရေး |
| ၇၀ | ပညာရေးဝန်ကြီးဌာန | မော်လမြိုင်ပညာရေးဒီဂရီကောလိပ် | မဆုမြတ်မြတ်သူ | ပညာရေး |
| ၇၁ | ပညာရေးဝန်ကြီးဌာန | ကျောက်ဖြူပညာရေးဒီဂရီကောလိပ် | မောင်ဝင်းမြင့်နိုင် | ပညာရေး |
| ၇၂ | ပညာရေးဝန်ကြီးဌာန | ရန်ကင်းပညာရေးဒီဂရီကောလိပ် | မောင်စန်းထက်ဦး | ပညာရေး |
| ၇၃ | ပညာရေးဝန်ကြီးဌာန | လှည်းကူးပညာရေးဒီဂရီကောလိပ် | မဖူးသက် | ပညာရေး |
| ၇၄ | ပညာရေးဝန်ကြီးဌာန | သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ် | မမေရီယံဖူးဖူး | ပညာရေး |
| ၇၅ | ပညာရေးဝန်ကြီးဌာန | တောင်ကြီးပညာရေးဒီဂရီကောလိပ် | မဝေဇင်ဦး | ပညာရေး |
| ၇၆ | ပညာရေးဝန်ကြီးဌာန | လားရှိုးပညာရေးဒီဂရီကောလိပ် | မသမုဒယနွယ် | ပညာရေး |
| ၇၇ | ပညာရေးဝန်ကြီးဌာန | ကျိုင်းတုံပညာရေးဒီဂရီကောလိပ် | မငွေနှင်းဖြူ | ပညာရေး |
| ၇၈ | ပညာရေးဝန်ကြီးဌာန | ပုသိမ်ပညာရေးဒီဂရီကောလိပ် | မောင်ကျော်ဇင်ထက် | ပညာရေး |
| ၇၉ | ပညာရေးဝန်ကြီးဌာန | မြောင်းမြပညာရေးဒီဂရီကောလိပ် | မခြူးပိုပို | ပညာရေး |
| ၈၀ | ပညာရေးဝန်ကြီးဌာန | ဘိုကလေးပညာရေးဒီဂရီကောလိပ် | မအိအိမွန် | ပညာရေး |
| ၈၁ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် | မမြတ်ပန်းဖြူ | ကွန်ပျူတာသိပ္ပံ နှင့်အင်ဂျင်နီယာ |
| ၈၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ရန်ကုန်နည်းပညာတက္ကသိုလ် | မောင်ဟိန်းလင်းထက် | အီလက်ထရွန်နစ် |
| ၈၃ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | မန္တလေးနည်းပညာတက္ကသိုလ် | မဆုစန္ဒီဝင်းထွန်း | မြို့ပြ |
| ၈၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) | မောင်ဟန်ထည်ဦး | အော်တိုမက်တစ် တိကျပစ္စည်း ထုတ်လုပ်မှု |
| ၈၅ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် | မောင်ကောင်းထက် | လေကြောင်း |
| ၈၆ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မန္တလေး) | မအေးသိင်္ဂီဖြိုး | စက်မှု |
| ၈၇ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) | မောင်သက်ထူးဇင် | မြို့ပြ |
| ၈၈ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မုံရွာ) | မရတနာစိုး | သုတနည်းပညာ |
| ၈၉ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(ကလေး) | မရွှေရည်ဝင်း | မြို့ပြ |
| ၉၀ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(စစ်ကိုင်း) | မချောစန္ဒာကို | မြို့ပြ |
| ၉၁ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (ကျောက်ဆည်) | မောင်အောင်သော် | သတ္တု တူးဖော်ရေး |
| ၉၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မိတ္ထီလာ) | မဖြူစင်သန့် | မြို့ပြ |
| ၉၃ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(ရမည်းသင်း) | မအေးပြည့်ပြည့်ခိုင် | မြို့ပြ |
| ၉၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မကွေး) | မခြူးမြတ်စန္ဒီ | မြို့ပြ |
| ၉၅ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(ပခုက္ကူ) | မောင်အောင်ဘုန်းခန့် | မြို့ပြ |
| ၉၆ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(တောင်ကြီး) | မောင်ရန်နိုင် | လျှပ်စစ်စွမ်းအား |
| ၉၇ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(လှိုင်ကော်) | မောင်အာကာကျော် | မြို့ပြ |
| ၉၈ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(တောင်ငူ) | မပန်းသဒ္ဒါ | မြို့ပြ |
| ၉၉ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(စစ်တွေ) | မောင်လူမင်းသန်း | မြို့ပြ |
| ၁၀၀ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပြည်နည်းပညာတက္ကသိုလ် | မောင်မင်းခိုင်စိုး | သုတနည်းပညာ |
| ၁၀၁ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ် | မောင်ဖြိုးသူရကျော် | စက်မှု |
| ၁၀၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မှော်ဘီ) | မမြကေခိုင်ကျော် | မြို့ပြ |
| ၁၀၃ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(သန်လျင်) | မောင်အာကာဖြိုး | စက်မှု |
| ၁၀၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(ပုသိမ်) | မကြယ်စင်မျိုးသန့် | မြို့ပြ |
| ၁၀၅ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(ဟသ်ာတ) | မရွှေရည်လင်း | စက်မှု |
| ၁၀၆ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(ဘားအံ) | မောင်လင်းထက်ဦး | မြို့ပြ |
| ၁၀၇ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မော်လမြိုင်) | မနွေးနွေးလှိုင် | မြို့ပြ |
| ၁၀၈ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | မောင်ချမ်းလင်းအောင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၀၉ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | သတင်းအချက်အလက်နည်းပညာ တက္ကသိုလ် | မအိမ့်ဖူးဖူးကျော် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၀ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | မန္တလေးကွန်ပျူတာတက္ကသိုလ် | မောင်နိုင်လင်းအောင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၁ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား) | မောင်ကောင်းမြတ်ထွန်း | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(မုံရွာ) | မနှင်းဝေဝေလွင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၃ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(မန္တလေး) | မောင်ခွန်စစ်အောင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ) | မနွေးနွေးလှိုင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၅ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(မကွေး) | မသဲနုရွှေစင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၆ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) | မောင်အောင်သျှန်ဟိန်း | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၇ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) | မောင်ထွန်းထက်အောင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၈ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်) | မချောစုသင်းနိုင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၁၉ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) | မောင်ဘုန်းမြတ် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၂၀ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) | မယုယနွယ် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၂၁ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(ပြည်) | မယွန်းရတီထိပ်ထား | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၂၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(ပုသိမ်) | မောင်သုတအောင် | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၂၃ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) | မခင်ဟေမာသနှင်း | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၂၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(ဘားအံ) | မခြူးသိမ့်သိမ့်ထွန်း | ကွန်ပျူတာသိပ္ပံ နှင့်နည်းပညာ |
| ၁၂၅ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(ထားဝယ်) | မအိန္ဒြေခြူးငုံ | မြို့ပြ |
| ၁၂၆ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(မြိတ်) | မောင်ဝင်းအောင်ကျော် | မြို့ပြ |
| ၁၂၇ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(ပင်လုံ) | မမေမွန်နေမျိုး | စက်မှု |
| ၁၂၈ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(ကျိုင်းတုံ) | မဖြိုးဘရဏီ | အီလက် ထရွန်နစ် |
| ၁၂၉ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(မအူပင်) | မောင်ညီညီ | လျှပ်စစ်စွမ်းအား |
| ၁၃၀ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Naypyitaw State Polytechnic University | မောင်ဇူးစံမင်းကျော် | စက်မှု |
| ၁၃၁ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်(၁)ရန်ကုန် | မမေသူထွန်း | ဆေးပညာ |
| ၁၃၂ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ မန္တလေး | မောင်သစ်လွင်ထူး | ဆေးပညာ |
| ၁၃၃ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်(၂)ရန်ကုန် | မောင်ဘုန်းမြတ်သာ | ဆေးပညာ |
| ၁၃၄ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ မကွေး | မောင်ထက်လင်းအောင် | ဆေးပညာ |
| ၁၃၅ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ တောင်ကြီး | မောင်ဟံသာအောင်တင် | ဆေးပညာ |
| ၁၃၆ | ကျန်းမာရေးဝန်ကြီးဌာန | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် | မောင်စောစိုးမိုးအောင် | သွားဆေးပညာ |
| ၁၃၇ | ကျန်းမာရေးဝန်ကြီးဌာန | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး | မောင်ထွန်းလင်းအောင် | သွားဆေးပညာ |
| ၁၃၈ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် | မအိဖြူစင်ဦး | ဆေးဝါး |
| ၁၃၉ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဝါးတက္ကသိုလ်၊ မန္တလေး | မောင်ရာဇာသန်းတိုး အောင် | ဆေးဝါး |
| ၁၄၀ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန် | မသဇင်နှင်းစက် | ဆေးဘက်ဆိုင်ရာ နည်းပညာ |
| ၁၄၁ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ မန္တလေး | မောင်သာထက် | ဆေးဘက်ဆိုင်ရာ နည်းပညာ |
| ၁၄၂ | ကျန်းမာရေးဝန်ကြီးဌာန | သူနာပြုတက္ကသိုလ်၊ ရန်ကုန် | မချစ်စံဝင်း | သူနာပြု |
| ၁၄၃ | ကျန်းမာရေးဝန်ကြီးဌာန | သူနာပြုတက္ကသိုလ်၊ မန္တလေး | မထက်ဝေအောင် | သူနာပြု |
| ၁၄၄ | ကျန်းမာရေးဝန်ကြီးဌာန | အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး | မောင်သန်းထိုက်အောင် | အခြေခံ ကျန်းမာရေး |
| ၁၄၅ | ကျန်းမာရေးဝန်ကြီးဌာန | တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) | မသွယ်နှင်းအောင် | တိုင်းရင်းဆေး |

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း

*(ယမန်နေ့မှအဆက်)*

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၄၆ | မအိမ့်နဒီသိဏ်းလှိုင် | အထက-မြို့မ | နတ်တလင်း | နတ်တလင်း |
| ၄၇ | မောင်ဟိန်းသူရဗိုလ် | ကပက-PEC | ပြည် | ပြည် |
| ၄၈ | မရွှေဝန်းရံ | အထက-ကြာနီကန် | ရွှေတောင် | ပြည် |
| ၄၉ | မောင်တည်မင်းခန့် | ဥယျာဉ်မှူး(ကပက) | မကွေး | မကွေး |
| ၅၀ | မသန့်နွေးအိမ် | အထက(ခွဲ)-ကန်သာ | မကွေး | မကွေး |
| ၅၁ | မောင်မြတ်ဘုန်းဇော် | အထက(ခွဲ)သပြေ | ရေနံချောင်း | ချောက် |
| ၅၂ | မရွှန်းလပြည့် | အထက(၄)(အေးစေတီ) | ချောက် | ချောက် |
| ၅၃ | မောင်ပိုင်စိုးဆက်အောင် | ပညာအလင်းရောင်(ကပက) | မင်းဘူး | မင်းဘူး |
| ၅၄ | မအိမ့်ပြည့်ဖြိုး | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၅ | မောင်လမင်းခန့် | အထက - ကြို့ပင် | ကံမ | သရက် |
| ၅၆ | မထွေးအိဝင်း | အထက - ကြို့ပင် | ကံမ | သရက် |
| ၅၇ | မောင်သစ်လွင်မင်း | Grade Future (ကပက) | အောင်လံ | အောင်လံ |
| ၅၈ | မရှင်းမွန်သန့် | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၉ | မောင်ကောင်းခန့်ထွန်း | အလက(လေ့ကျင့်ရေး) | ပခုက္ကူ | ပခုက္ကူ |
| ၆၀ | မနေခြည်ဝင့်ထည် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၁ | မောင်ဘုန်းမြင့်မြတ် | အထက(၅) | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၆၂ | မပြည့်ဖြိုးစံ | VEC (ကပက) | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၆၃ | မောင်လင်းခန့်မောင် | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၄ | မထက်ဆုကျော် | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၅ | မောင်ဘုန်းပြည့်ကျော် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၆ | မမေပြည့်စုံကျော်သူ | ထ(ခွဲ)လ(၁) ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၇ | မောင်ဘုန်းခန့်ပိုင် | မေတ္တာ (ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၆၈ | မမိုးမခသော် | ပညာစံအိမ်(ကပက) | စဉ့်ကိုင် | ကျောက်ဆည် |
| ၆၉ | မောင်ဝေဖြိုးသော် | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၇၀ | မနှင်းဧကရီ | WSEC (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၁ | မောင်ဟိန်းထက်စံ | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၇၂ | မရှင်းသန့်ဖြူ | Fame- ကပက | မိတ္ထီလာ | မိတ္ထီလာ |
| ၇၃ | မောင်အောင်ခန့်စည် | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၄ | မနန္ဒာရွှန်းလဲ့ | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၅ | မောင်ခန့်ဇင်ရှင်း | ရင်သွေးငယ် (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၆ | မဆုယူလင်း | အထက(၁) ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၇ | မောင်ဘုန်းပြည့်အောင် | အထက(၂) | သထုံ | သထုံ |
| ၇၈ | မိဆုကဗျာဖြူ | အထက၊ပေါင် | ပေါင် | သထုံ |
| ၇၉ | မောင်ပြည့်ဘုန်းမြင့် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၈၀ | မောင်အောင်ကျော်ခန့် | အထက(၃) | မုဒုံ | မော်လမြိုင် |
| ၈၁ | မသက်မြတ်ဝတ်မှုံ | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၈၂ | မဝိုင်းသဥ္ဇာထက် | အထက-ပc | သံဖြူဇရပ် | မော်လမြိုင် |
| ၈၃ | မောင်မျိုးမြတ်သီဟ | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၄ | မဝင်းမြတ်မွန် | အထက(ခွဲ)စက်ရုံစု | စစ်တွေ | စစ်တွေ |
| ၈၅ | မောင်ခိုင်ဇော်ဟိန်း | ကောင်းကိုယ်ပိုင် | ကျောက်ဖြူ | ကျောက်ဖြူ |
| ၈၆ | မရွှေအိမ်စည်သူ | အထက(ခွဲ)-အလက(၂) | ကျောက်ဖြူ | ကျောက်ဖြူ |
| ၈၇ | မောင်သူရမောင် | ထ(ခွဲ)အလက(၅) | သဃ်န်းကျွန်း | သဃ်န်းကျွန်း |
| ၈၈ | မလင်းလင်းလက် | ထက်(ပညာ့ရိပ်) (ကပက) | သဃ်န်းကျွန်း | သဃ်န်းကျွန်း |
| ၈၉ | မောင်ဉာဏ်လင်းထက် | အထက(၅) | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၉၀ | မငြိမ်းဆုနှစ်အောင် | အထက(၄) | ပုဇွန်တောင် | ဗိုလ်တထောင် |
| ၉၁ | မောင်ချမ်းမြေ့ဇင် | အထက (၃) | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ဒဂုံမြို့သစ် |
| ၉၂ | မမေလင်းကိုကို | အထက (၄) | ဒဂုံမြို့သစ်(တောင်ပိုင်း) | ဒဂုံမြို့သစ် |
| ၉၃ | မောင်လင်းပြည့်သီဟ | အလက(၁) | ဒဂုံ | ကျောက်တံတား |
| ၉၄ | မမေမြင့်မိုရ်ကြည် | အထက(၁) | ဒဂုံ | ကျောက်တံတား |
| ၉၅ | မောင်ဉာဏ်လင်းမြတ် | အထက(၄) | အလုံ | အလုံ |
| ၉၆ | မနန္ဒာဝင့်ကျော် | အထက(၄) | အလုံ | အလုံ |

*(ဆက်လက်ဖော်ပြပါမည်)*

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း

*(ယမန်နေ့မှအဆက်)*

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၄၆ | မဆုမြတ်ရတနာ | အထက-မြို့မ | ဇီးကုန်း | နတ်တလင်း |
| ၄၇ | မောင်ယဉ်ခန့်ကျော် | အထက-အောင်ဆန်း | ပြည် | ပြည် |
| ၄၈ | မဆုလင်းပြည့် | PEC(ကပက) | ပြည် | ပြည် |
| ၄၉ | မောင်အောင်မြင့်မြတ် | နေခြည်(ကပက) | မကွေး | မကွေး |
| ၅၀ | မသဒ္ဒါဖြူစင် | IBS(ကပက) | မကွေး | မကွေး |
| ၅၁ | မောင်သုခအောင် | အထက(၄)အေးစေတီ | ချောက် | ချောက် |
| ၅၂ | မခင်ကျော့ကျော့စံ | အထက(၂)ချောက် | ချောက် | ချောက် |
| ၅၃ | မောင်ကျော်ဇင်သန့် | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၄ | မဆုရတီဇင် | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၅ | မောင်မင်းခန့်ကျော် | အထက - မင်းလှ | မင်းလှ | သရက် |
| ၅၆ | မသူသူမိုးစံ | အထက(ခွဲ) လ(၃) သရက် | သရက် | သရက် |
| ၅၇ | မောင်ဇေလင်းမြတ် | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၈ | မလင်းပြည့်ဦး | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၉ | မောင်ထွန်းတင့်ရာဇာ | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၀ | မအိဖြူသင်း | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၁ | မောင်ငြိမ်းစျာန်ထွဋ် | VEC (ကပက) | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၆၂ | မယွန်းဝတီမြင့် | အထက(၁၄)ချမ်းအေးသာစံ | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၆၃ | မောင်ကောင်းဆက်လျှံ | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၄ | မရွှေရည်လင်းလက် | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၅ | မောင်ထွဋ်မြတ်လင်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၆ | မဆုလင်းထက် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၇ | မောင်ကောင်းဆက်စံ | UNITY (ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၆၈ | မကံ့ကော်ကိုကို | UNITY (ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၆၉ | မောင်လင်းထက်ကို | UNITY (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၀ | မမေမြတ်နိုးဇင် | UNITY (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၁ | မောင်စည်သူအောင် | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၇၂ | မကေမီကိုကို | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၇၃ | မောင်ဝိုင်းဘိုဇော် | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၇၄ | မအိန္ဒ့ဆောင်းရည်ယွန်း | အထက-ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၇၅ | မောင်ဇင်မင်းခန့် | အထက-လေးရွာ | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၆ | မယမင်းသူဇာထွေး | ရွှေဉာဏ်ရှင်(ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၇ | မောင်ဝင်းထွန်းကျော် | အထက၊ပေါင် | ပေါင် | သထုံ |
| ၇၈ | မပန်းခင်သီ | အထက၊ကော့ကဒွတ် | ဘီးလင်း | သထုံ |
| ၇၉ | မောင်ဘုန်းပြည့်စုံ | အထက၊ကျိုက်မရော | ကျိုက်မရော | မော်လမြိုင် |
| ၈၀ | မင်းကျော်စည်သူဟိန်း | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၈၁ | မကြည်နူးရွှန်းလဲ့ | အထက၊ပc | သံဖြူဇရပ် | မော်လမြိုင် |
| ၈၂ | မအလင်္ကာကဗျာ | အထက(၈) | မော်လမြိုင် | မော်လမြိုင် |
| ၈၃ | မောင်ထွန်းထွဋ်လင်း | အထက(၉)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၄ | မရွှေဇင်ပြည့်ဖြိုး | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၅ | မောင်ထက်ဇင်လင်း | အထက(၂)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၈၆ | မမေဇူဇူလှိုင် | အထက(၃)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၈၇ | မောင်ဆက်ဝန်းရံပြည့် | အထက(၂) | ရန်ကင်း | သဃ်န်းကျွန်း |
| ၈၈ | မဆုရတီလင်း | အထက(၂) | ရန်ကင်း | သဃ်န်းကျွန်း |
| ၈၉ | မောင်ဆန်းလူလူမင်း | အထက(၅) | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၉၀ | မချန်မြတ်နိုး | အထက(၅) | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၉၁ | မောင်ဝေယံဖြိုး | အထက (၂) | ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ဒဂုံမြို့သစ် |
| ၉၂ | မယွန်းယမုံထွန်း | အထက (၄) | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ဒဂုံမြို့သစ် |
| ၉၃ | မောင်ထက်ဦးလွင် | အထက(၁) | ဒဂုံ | ကျောက်တံတား |
| ၉၄ | မမြတ်သံစဉ်ချို | အထက(၁) | ဒဂုံ | ကျောက်တံတား |
| ၉၅ | မောင်ဖွဲ့မြတ်သူ | အထက(၄) | စမ်းချောင်း | အလုံ |
| ၉၆ | မကေဇင်သော် | အထက(၂) | စမ်းချောင်း | အလုံ |

*(ဆက်လက်ဖော်ပြပါမည်)*

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ကောဒသမတန်း (Grade 11) လူရည်ချွန်စာရင်း

(ယမန်နေ့မှအဆက်)

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ကောဒသမတန်း(Grade 11)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၄၆ | မအိမ့်သူဘို | အထက-မြို့မ | နတ်တလင်း | နတ်တလင်း |
| ၄၇ | မောင်အောင်ခန့်ဇော် | ကပက-PEC | ပြည် | ပြည် |
| ၄၈ | မမိုးကြည်ပြာကို | ကပက-PEC | ပြည် | ပြည် |
| ၄၉ | မောင်မင်းမော်ကျော် | IBS(ကပက) | မကွေး | မကွေး |
| ၅၀ | မသိမ့်သီရိထွဋ် | အထက(၄) မကွေး | မကွေး | မကွေး |
| ၅၁ | မောင်ဝေယံအောင် | အထက(၂)ချောက် | ချောက် | ချောက် |
| ၅၂ | မရည်မွန်မိုးပြည့်ခိုင် | အထက(၄)အေးစေတီ | ချောက် | ချောက် |
| ၅၃ | မောင်အောင်ကိုမင်း | No.1(ကပက) | မင်းဘူး | မင်းဘူး |
| ၅၄ | မသင်းဝါဆို | အထက(၁)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၅ | မောင်ကောင်းပြည့်သိမ်း | မျိုးရာဇာ(ကပက) | ကံမ | သရက် |
| ၅၆ | မအိမ့်ကြယ်စင် | အထက(ခွဲ) လ-၃ | သရက် | သရက် |
| ၅၇ | မောင်သက်ဝေလင်း | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၈ | မဇင်နှင်းဝေ | အထက(၂)အောင်လံ | အောင်လံ | အောင်လံ |
| ၅၉ | မောင်သိန်းသန်းအောင် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၀ | မဟန်နီဇော် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၁ | မောင်စည်သူဗိုလ် | စံဟိန်း(ကပက) | မဟာအောင်မြေ | မဟာအောင်မြေ |
| ၆၂ | မဆုလာဘ်ပြည့် | အထက(၁၆) | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၆၃ | မောင်သုတစံ | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၄ | မမြတ်သံသာခင် | အထက(၈) | အောင်မြေသာစံ | အောင်မြေသာစံ |
| ၆၅ | မောင်ဟိန်းစစ်ပိုင်ဦး | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၆ | မဖူးနေခြည်ကို | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၇ | မောင်စိုးဝေဖြိုး | သံတော်ဦး (ကပက) | မြစ်သား | ကျောက်ဆည် |
| ၆၈ | မမြင့်မြတ်မွန် | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၆၉ | မောင်သန်းတိုးအောင် | နိုဘယ်(လ်) (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၀ | မသင်းပျံ့ပြည့်စုံ | နိုဘယ်(လ်) (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၁ | မောင်ရဲရင့်အောင် | Scholar (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၇၂ | မခင်ချမ်းမြေ့ကျော် | မိသားစု (ကပက) | မလှိုင် | မိတ္ထီလာ |
| ၇၃ | မောင်သူရကျော်စိုး | ဟိန်း (ကပက) | ရမည်းသင်း | ရမည်းသင်း |
| ၇၄ | မအဲ့ငုံဖူး | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၅ | မောင်ဝင်းမင်းခန့် | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၆ | မရှင်းသန့်မေ | အထက-ပုဂံ | ညောင်ဦး | ညောင်ဦး |
| ၇၇ | မောင်ထက်ဝေအောင် | အထက၊ဇင်းကျိုက် | ပေါင် | သထုံ |
| ၇၈ | မဆုရတီဇော် | အထက(ခွဲ)လိပ်ခုံးကြီး | ဘီးလင်း | သထုံ |
| ၇၉ | မောင်မင်းခန့်ကျော် | အထက(၁၀) | မော်လမြိုင် | မော်လမြိုင် |
| ၈၀ | မောင်စိုပြေရှင်းသန့် | အထက-ကျိုက်ခမီ | သံဖြူဇရပ် | မော်လမြိုင် |
| ၈၁ | မမေဇင်မောင် | DTM(ကပက) | မုဒုံ | မော်လမြိုင် |
| ၈၂ | မဆုမြတ်နိုးခင် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၈၃ | မောင်ကောင်းခန့်ဖုံ | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၄ | မအေးမြတ်သဇင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၅ | မောင်စိုးလင်းနိုင် | အထက(၂)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၈၆ | မဆုရတနာအောင် | ကောင်း(ကပက) | ကျောက်ဖြူ | ကျောက်ဖြူ |
| ၈၇ | မောင်ဖွဲ့ရန်နိုင် | ပညာစံ (ကပက) | တာမွေ | သဃ်န်းကျွန်း |
| ၈၈ | မစုနဒီနိုင် | လမင်းသာ(ကပက) | တာမွေ | သဃ်န်းကျွန်း |
| ၈၉ | မောင်ညဏ်လင်းထူး | အထက(၅) | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၉၀ | မအိမ့်ခွန်းသံစဉ် | အထက(၅) | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၉၁ | မောင်သွင်ထူးအောင် | အထက(၂) | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ဒဂုံမြို့သစ် |
| ၉၂ | မမြတ်ချမ်းမြေ့ | မိဘရိပ်အောင်မြေ(ကပက) | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ဒဂုံမြို့သစ် |
| ၉၃ | မောင်ခန့်ဇင်ငြိမ်း | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၉၄ | မဟန်နွယ်ငြိမ်း | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၉၅ | မောင်စွမ်းရည်ထက် | အထက(၄)အလုံ | အလုံ | အလုံ |
| ၉၆ | မအင်ကြင်းစံ | အထက(၄) စမ်းချောင်း | စမ်းချောင်း | အလုံ |

(ဆက်လက်ဖော်ပြပါမည်)

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း

(ယမန်နေ့မှအဆက်)

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၄၆ | မောင်အောင်ကိုဟိန်း | အထက-၅ | ပြည် | ပြည် |
| ၄၇ | မခြူးသဇင် | ကပက-ပုလဲမိုး | ပြည် | ပြည် |
| ၄၈ | မောင်ဖြိုးခန့်ကိုကို | နေခြည်(ကပက) | မကွေး | မကွေး |
| ၄၉ | မသက်နွယ်အေး | D ဝေလျှံ(ကပက) | မကွေး | မကွေး |
| ၅၀ | မောင်ဘုန်းခန့်ကို | အထက(၄)အေးစေတီ | ချောက် | ချောက် |
| ၅၁ | မခွန်းဆင့်ချို | အထက(၄)အေးစေတီ | ချောက် | ချောက် |
| ၅၂ | မောင်ဂျူးသက်ကို | No.1(ကပက) | မင်းဘူး | မင်းဘူး |
| ၅၃ | မမေသက်ကျော် | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၄ | မောင်သန်းထိုက်အောင် | UNITED MAHAR(ကပက) | သရက် | သရက် |
| ၅၅ | မသက်မှူးစံ | အထက(၁)သရက် | သရက် | သရက် |
| ၅၆ | မောင်ပိုင်ဖြိုးဝေ | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၇ | မဆုပြည့်ပိုင် | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၈ | မောင်လွန်ချမ်းငြိမ်း | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၅၉ | မကြည်ပဟေမာန်လွင် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၀ | မောင်ဖြိုးမင်းသူ | အထက(ခွဲ)၂၅ | ပြည်ကြီးတံခွန် | မဟာအောင်မြေ |
| ၆၁ | မရွှန်းလဲ့ရည် | CAE (ကပက) | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၆၂ | မောင်ညဏ်စွမ်း | အထက-ပုသိမ်ကြီး | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၃ | မဝင်းလဲ့ရည်ဦး | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၄ | မောင်ကျော်စွာဟိန်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၅ | မသီရိထွန်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၆ | မောင်သီဟနောင် | ဉာဏ်မီးအိမ်(ကပက) | မြစ်သား | ကျောက်ဆည် |
| ၆၇ | မအေးမြတ်မွန် | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၆၈ | မောင်သူရအောင် | WSEC (ကပက) | မြင်းခြံ | မြင်းခြံ |
| ၆၉ | မသိင်္ဂီဦး | WSEC (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၀ | မောင်နန္ဒကိုကို | Scholar(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၇၁ | မယွန်းရတီဦး | Scholar(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၇၂ | မောင်ယောရှု | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၃ | မယွန်းဝတီဦး | ပညာ့ဂုဏ်ရည်(ကပက) | ရမည်းသင်း | ရမည်းသင်း |
| ၇၄ | မောင်ကောင်းသန့်နိုင် | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၅ | မစောပြည့်ငြိမ်း | အထက-(၁) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၆ | မောင်ချစ်ကိုကိုဦး | အထက(၂) | သထုံ | သထုံ |
| ၇၇ | မဖြိုးအိစံ | အထက(၁) | သထုံ | သထုံ |
| ၇၈ | မောင်ဦးငွေး | အထက၊ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၇၉ | မောင်အောင်မျိုးသန့် | အထက(၁) | သံဖြူဇရပ် | မော်လမြိုင် |
| ၈၀ | မဖူးမြမျက်ချယ် | အထက(၉) | မော်လမြိုင် | မော်လမြိုင် |
| ၈၁ | မလင်းလင်းထက် | အထက၊ကျိုက်မရော | ကျိုက်မရော | မော်လမြိုင် |
| ၈၂ | မောင်စိုးမင်းအောင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၃ | မခင်မြတ်မြတ်စံ | အထက(၅)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၄ | မောင်မောင်မြင့် | အထက(ခွဲ)-အလက(၂) | ကျောက်ဖြူ | ကျောက်ဖြူ |
| ၈၅ | မမော်မော်ဇင် | အထက(ခွဲ)-အလက(၂) | ကျောက်ဖြူ | ကျောက်ဖြူ |
| ၈၆ | မောင်အောင်မျိုးခန့် | လမင်းသာ (ကပက) | တာမွေ | သဃ်န်းကျွန်း |
| ၈၇ | မယွန်းဆုဝေဇင် | အထက(၂) | ရန်ကင်း | သဃ်န်းကျွန်း |
| ၈၈ | မောင်ထွန်းနေလင်း | ပညာရွှေပြည်(ကပက) | သာကေတ | ဗိုလ်တထောင် |
| ၈၉ | မသန့်ရတီအောင် | အထက(၅) | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၉၀ | မောင်ကောင်းပိုင်ခန့် | အထက(၂) | ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ဒဂုံမြို့သစ် |
| ၉၁ | မဖူးဝင့်အောင် | အထက(၂) | ဒဂုံမြို့သစ်<br>(မြောက်ပိုင်း) | ဒဂုံမြို့သစ် |
| ၉၂ | မောင်မင်းကြယ်စင်သန့် | မာကျူရီ(ကပက) | လမ်းမတော် | ကျောက်တံတား |
| ၉၃ | မရွှေယမင်းအောင် | မာကျူရီ(ကပက) | လမ်းမတော် | ကျောက်တံတား |
| ၉၄ | မောင်ဟိန်းထက်အောင် | အထက(၄) | အလုံ | အလုံ |
| ၉၅ | မဝင့်ဝါညီညီ | အထက(၂) | စမ်းချောင်း | အလုံ |
| ၉၆ | မောင်သာထက်နိုင် | လှေကျင့်ရေး(အထက) | ကမာရွတ် | ကမာရွတ် |

(ဆက်လက်ဖော်ပြပါမည်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zin Moe Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈) ရပ်ကွက်နေ ဇင်မိုးမြင့်(ခ)မိုးလေးအား ည ၇ နာရီ မိနစ် ၄၀ တွင် ကမာရွတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်သတင်းများ ရေးသားဖော်ပြ

**နေပြည်တော် မတ် ၆**

ညောင်ဦးမြို့နယ်တွင် လူငယ် ၇၂ ဦးကို စစ်မှုထမ်းခေါ်ယူရန် စစ်တပ်က စာရင်းပြုစုထားသဖြင့် မတရားမှုကို ခေါင်းငုံ့မခံဘဲ တော်လှန်တိုက်ခိုက်ကြရန်တိုက်တွန်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရွှေဘိုမြို့နယ် နှမစားရစ်ရွာသို့ စစ်တပ်က စစ်ကြောင်းထိုးပြီး အရပ်သားပြည်သူ ဦးအောင်စိုးကို လည်လှီးသတ်ဖြတ်ကာ အသက် ၉၀ အရွယ် အဘွားနွဲ့ကြည်ကိုလည်း မီးရှို့သတ်ပြီး စစ်တပ်၏မီးရှို့မှုကြောင့် နေအိမ် ၁၀၀ ခန့် ပြာကျ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စလင်းမြို့နယ် ကျေးရွာများကို စစ်တပ်က သုံးရက်ဆက်တိုက် မီးရှို့ဖျက်ဆီးမှု နေအိမ်ရာချီပြာကျကာ ပုလဲမြို့နယ်၊ တောသာရွာကို စစ်တပ်က စက်တပ်လေထီးဖြင့် ဗုံးကြဲမှု ပြည်သူတစ်ဦး ဒဏ်ရာရ ခေါင်းစဉ်ဖြင့်လည်းကောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန်လုပ်ကြံ သတင်းများ ရေးသား ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီစိစစ်၍ စစ်မှုထမ်းခေါ်ဆောင်နေခြင်းသာဖြစ်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူများအထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထုအား လမ်းမှားရောက်ရှိစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ထို့အတူ တပ်မတော်နှင့် ပတ်သက်၍ Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရသည်။

အလားတူ Ayeyarwaddy Times အမည်ရှိ Facebook Page တွင် ဖော်ပြခဲ့သည့် စစ်ကောင်စီက လေးနှစ်ကျော်အတွင်း အွန်လိုင်းအသုံးပြု၍ ၎င်းတို့ကို ဝေဖန်ရေးသားသူ ၂၀၀၀ ဝန်းကျင်ကို ဖမ်းဆီး ခေါင်းစဉ်ဖြင့် မတ် ၁ ရက်က ရေးသားဖော်ပြခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထုအား လမ်းမှားရောက်ရှိစေရန်ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ပြည့်ပြည့်**

## ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ တစ်ဖက်သတ်စွပ်စွဲရေးသား ဝါဒဖြန့်

**နေပြည်တော် မတ် ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာကို မတ် ၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ တစ်ဖက်သတ်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရေစကြိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်း ပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများက နေအိမ်အချို့ကို မီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်ထိုမြို့နယ်၌ ကျိုက်ပိကျေးရွာပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး



**ကျိုက်ထို မတ် ၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျိုက်ပိကျေးရွာ ရွာပတ်လမ်း(အုတ်ဖိုပိုင်း-ခလုတ်ပိုင်း) ကတ္တရာခင်းခြင်း လုပ်ငန်းကို ၂၀၂၄ ခုနှစ် မေ ၂၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ကာ ဒီဇင်ဘာ ၄ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့သည်။

အဆိုပါ ရွာပတ်လမ်းပိုင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၇၁ ဒသမ ၆၆၂ သန်းဖြင့် ကျိုက်ထိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျိုက်ထို (ပြန်/ဆက်)**

*နိုင်ငံတကာသတင်း*

## ဓားစာခံများပြန်လွှတ်ပေးရေး ဟားမားစ်တို့နှင့် တိုက်ရိုက်ဆွေးနွေးမှု အမေရိကန်ပြုလုပ်

**ဝါရှင်တန် မတ် ၆**

ဂါဇာကမ်းမြောင်ဒေသတွင် ဟားမားစ်တို့ဖမ်းဆီးထားသည့် အမေရိကန် ဓားစာခံများ ပြန်လွှတ်ပေးရန်အတွက် ဟားမားစ်တို့နှင့် တိုက်ရိုက်ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်ဟု အမေရိကန်က ပြောကြားခဲ့သည်။ အမေရိကန်က ဟားမားစ်အုပ်စုကို အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားရာ ယခုကိစ္စမှာ ပုံမှန်လုပ်နေကျ မဟုတ်သည့် ကိစ္စဖြစ်သည်။

မကြာသေးမီ သီတင်းပတ်များအတွင်း ဓားစာခံများပြန်လွှတ်ပေးရေးဆိုင်ရာ အမေရိကန်သံတမန် အဒမ်ဘိုဟ်လာက ဒိုဟာမြို့တွင် ဟားမားစ်တို့နှင့်ဆွေးနွေးမှုပြုလုပ်ခဲ့သည်ဟု သတင်းအရင်းအမြစ်များ၏ဖော်ပြချက်ကို ကိုးကား၍ အမေရိကန်သတင်းဌာန အက်စီယိုနှင့် အခြားသောမီဒီယာများတွင် မတ် ၅ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသားငါးဦးမှာ ဂါဇာတွင် ဖမ်းဆီးခံထားရဆဲဖြစ်သည်ဟု ယူဆရသည်။ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ဆဲဖြစ်သည်ဟု အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအကြီးအကဲဖြစ်သူ ကာရိုလိုင်းလာဗစ်က အတည်ပြုခဲ့သည်။

အမေရိကန်သည် ဟားမားစ်အုပ်စုနှင့် တိုက်ရိုက်ဆွေးနွေးမှုကို ကာလရှည်ကြာအောင် ရှောင်ရှားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ဟားမားစ်အုပ်စုကို အကြမ်းဖက်အုပ်စုအဖြစ် အမေရိကန်က သတ်မှတ်ခဲ့သည်။

ဓားစာခံများပြန်လွှတ်ပေးရေးဆိုင်ရာ အမေရိကန်သံတမန် အဒမ်ဘိုဟ်လာနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု ဟားမားစ်တို့က အရှေ့အလယ်ပိုင်း မီဒီယာသို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အသက် ၁၀၈ နှစ်အရွယ် ဂျပန်အမျိုးသမီးကြီး ကမ္ဘာ့အသက်အကြီးဆုံး ဆံသဆရာအဖြစ် ဂင်းနစ်မှတ်တမ်းဝင်

**တိုကျို မတ် ၆**

ဂျပန်နိုင်ငံ တိုချီဂီပြည်နယ်ရှိ အသက် ၁၀၈ နှစ်အရွယ် အမျိုးသမီးကြီးသည် ကမ္ဘာ့အသက်အကြီးဆုံး ဆံသဆရာအဖြစ် ကမ္ဘာ့ဂင်းနစ်မှတ်တမ်းဝင်ခဲ့သည်။ မတ် ၅ ရက်က နာကာဂါဝါမြို့ရှိ အားကစားရုံတစ်ခု၌ ဟာကိုအီရှိ ရှိဆူအီကို အသက် ၁၀၈ နှစ် နှင့် ၁၁၅ ရက်ရှိပြီဖြစ်ကြောင်း ပြသသည့်လက်မှတ်ကို ပေးအပ်ခဲ့သည်။

၎င်း၏ဆံပင်ညှပ်ဆိုင်သို့ လာနေကျဖောက်သည်များနှင့် ဒေသခံများက အားကစားရုံတွင်စုဝေးခဲ့ကြပြီး ကိတ်မုန့်နှင့်ပန်းများဖြင့် ဂုဏ်ပြုပွဲပြုလုပ်ခဲ့ကြသည်။ ဟာကိုအီရှီကို ၁၉၁၆ ခုနှစ်က နာကာဂါဝါတွင် မွေးဖွားခဲ့သည်။ တိုကျိုမြို့၌ ဆံပင်ညှပ်လိုင်စင်ရပြီးနောက် ခင်ပွန်းသည်နှင့်အတူ ဆံပင်ညှပ်ဆိုင်ဖွင့်ခဲ့သည်။

၎င်း၏ခင်ပွန်းသည် ဒုတိယကမ္ဘာစစ်အတွင်းက သေဆုံးသွားခဲ့သည်။ စစ်ပွဲကြီးပြီးဆုံးပြီးနောက် ဟာကိုအီရှီသည် နာကာဂါဝါတွင် အလုပြင်ဆိုင်ဖွင့်လှစ်ခဲ့သည်။ ပုံမှန်ဖောက်သည်များနှင့် အခြားသူများက ၎င်းကိုဆံပင်ညှပ်ခိုင်းသည့်အခါ ဆံပင်ညှပ်ပေးဆဲပင်ဖြစ်သည်။

ကမ္ဘာ့ဂင်းနစ်မှတ်တမ်းက ၂၀၁၈ ခုနှစ်တွင် အသက် ၁၀၇ နှစ်အရွယ် အမေရိကန်အမျိုးသားကြီးကို ကမ္ဘာ့အသက်အကြီးဆုံး ဆံသဆရာအဖြစ် မှတ်တမ်းတင်ခဲ့သည်။ လက်ရှိတွင် အသက်အကြီးဆုံး အမျိုးသားဆံသဆရာနှင့် အမျိုးသမီးဆံသဆရာဟူ၍ အမျိုးအစားခွဲထားရာ ဟာကိုအီရှီသည် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဆံသဆရာအဖြစ် အသိအမှတ်ပြုခံရသည်။ **အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ သီးခြားမီးလောင်မှု နှစ်ခုကြောင့် လေးဦးသေဆုံး

**မနီလာ မတ် ၆**

ဖိလစ်ပိုင်နိုင်ငံ၌ မတ် ၆ ရက် နံနက်ပိုင်းက သီးခြားလူနေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း မီးဘေးကာကွယ်ရေးဌာနက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ မာရီကီနာမြို့ လူစည်ကားသည့် ကျေးရွာတစ်ခု၌ ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သေဆုံးသူများမှာ အသက် ၅၅ နှစ်အရွယ်အမျိုးသားတစ်ဦး၊ ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း အဆိုပါဌာနက ပြောကြားသည်။ မီးသတ်သမားများက ဒေသစံတော်ချိန် နံနက် ၁၀ နာရီမတိုင်မီ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူ ၆၀ ခန့် ထိခိုက်ခဲ့ရသည်။

အလားတူ မနီလာမြို့၌ မတ် ၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားသဖြင့် အသက် ၈၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးကြောင်း မီးဘေးကာကွယ်ရေးဌာနက ပြောကြားသည်။ ယင်းမီးလောင်မှု ဖြစ်ပွားခြင်းကြောင့် ဒေသခံ ၂၀ ဦး ထိခိုက်ခံစားခဲ့ရကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## ဇေယျာသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေး



**နေပြည်တော် မတ် ၆**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ချပြရှင်းလင်းခြင်း၊ လူမှုကွန်ရက်မီဒီယာများနှင့် တရားမဝင်သတင်းဌာနများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ်လမ်းမှားမရောက်ရှိစေရေး ဆွေးနွေးပြောကြားခြင်း၊ နိုင်ငံသားအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးသားစစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်ကြရန်နှင့် အားပေးကူညီပံ့ပိုးပေးကြပါရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်မှုဆောင်ခန့်အပ်လွှာပေးအပ်

**ရန်ကုန် မတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်မှုဆောင် ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား



ကို ယမန်နေ့က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ တိုင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဘာသာပေါင်းစုံ အလုပ်မှုဆောင်ခန့်အပ်လွှာများကိုပေးအပ်ပြီး အင်းစိန်ခရိုင် ဘာသာပေါင်းစုံဥက္ကဋ္ဌ ဦးကျော်သူနိုင်က တက်ရောက်လာကြသူများကို ဂုဏ်ပြုကြိုဆိုစကားပြောကြားကာ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဥက္ကဋ္ဌ ဦးကျော်သူဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရမည်းသင်း၌ ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေး

**ရမည်းသင်း မတ် ၆**

ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ယမန်နေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများရှိ အသက် (၂) လမှ (၅၉) လအထိ ကလေးငယ် ၁၈၉၄၄ ဦးကို ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး) များအသုံးပြု၍ တိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အပိုဆောင်းတိုက်ကျွေးခြင်းဖြင့် ပိုလီယိုကာကွယ်ဆေးလွှမ်းခြုံမှုကို မြှင့်တင်ရန်၊ ကာကွယ်ဆေးလုံးဝမတိုက်ကျွေးရသော သို့မဟုတ် အကြိမ်ပြည့်မတိုက်ကျွေးရသော ကလေးများကို ကာကွယ်ဆေးတိုက်ကျွေး ထိုးနှံပေးခြင်းဖြင့် ကိုယ်ခံအားကွာဟချက်ကို လျှော့ချရန်၊ ကာကွယ်ဆေးလွှမ်းခြုံမှု ၁၀၀ ရာခိုင်နှုန်းပြည့်ရရှိခြင်းနှင့် ပိုလီယိုဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်းကို တားဆီးခြင်းဖြင့် ကလေးများအားလုံးကို ပိုလီယိုရောဂါမှ ကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း ပိုလီယိုရောဂါ ကာကွယ်ဆေး (အစက်ချဆေး) တိုက်ကျွေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားပြုလုပ်

**ဟသ်ာတ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးဆောင်ပြီး မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုအခမ်းအနားကို မတ် ၄ ရက် မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်တိုင်းရင်းဆေးမှူး ဦးစိုးလင်းက ဆေးဖက်ဝင် သနပ်ခါးအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဦးဆောင်သော ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုအဖြစ်



သနပ်ခါးများကို အပြန်အလှန် ပျော်ရွှင်စွာ သွေးလိမ်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

## အစားအသောက်နှင့် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းဆောင်ရွက်

**ရန်ကုန် မတ် ၆**

ဗဟန်းမြို့နယ်၌ အစားအသောက်နှင့် ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမပေါ်ရှိ Ocean ဈေးဝယ်စင်တာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူးက အစားအသောက်နှင့်ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ကာကွယ်ရေးဆိုင်ရာများဖြစ်သည့် ကူးစက်နိုင်သည့်နည်းလမ်းများ၊ ရောဂါလက္ခဏာများ၊ သတိပြုရမည့်အချက်များ၊ ကာကွယ်နိုင်မည့် နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်း ပြောကြားသည်။




ယင်းနောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Ocean ဈေးဝယ်စင်တာရှိ ဆိုင်ခန်းပေါင်း ၃၂ ခန်းတို့တွင် အစားအသောက် ပြင်ဆင်ရောင်းချသည့် ဆိုင်များ၏သန့်ရှင်းမှုနှင့် ကြွက်၊ ယင်၊ ပိုးဟပ်ကင်းစင်ရန် စီစဉ်ထားရှိမှု၊ သန့်ရှင်းသောရေ (Chlorinated water) အသုံးပြုခြင်း ရှိ/ မရှိ၊ အစားအသောက် ပြင်ဆင်ရောင်းချသူများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် Mask Cap၊ Glove နှင့် Apron အပါအဝင် လိုအပ်သည့် ကာကွယ်ရေးပစ္စည်းများ အသုံးပြုခြင်း ရှိ/ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများအနီးရှိ နေအိမ်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မလှိုင် မတ် ၆**

မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများ အနီးဝန်းကျင်ရှိနေအိမ်များအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဖိုမီးကို သတ်မှတ်ချိန်များအတွင်း၌သာ အသုံးပြုကြရန်၊ နေအိမ်များတွင် မီးလောင်လွယ်သော လောင်စာများမထားရှိကြရန်နှင့် မီးချိတ်မီးကပ်၊ သဲ၊ ရေ၊ လှေကားများနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိကြရန် စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။

**၂၂၁**



## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၌ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၆**

ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်မှုရှိစေရန်၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်မှုရှိစေရန်တို့ကိုရည်ရွယ်၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတို့ကို အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ ယမန်နေ့ကကျင်းပရာ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5767 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၂)၊ ငမိုးရိပ်(၂)လမ်း၊ အမှတ်(၈၂၈)၊ မြေညီ(ခြေရင်းခန်း)(၅၀ပေx၁၂ ½ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုရောင်းချသူဖြစ်သော ဦးမောင်သန်းဇော် (၁၁/ဘသတ(နိုင်)၀၁၁၆၃၇)မှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်လှမြတ်စံ(၁၁/တကန(နိုင်)၀၅၇၆၆၃)ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန် ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးရာဇာထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်–၃၈၀၉၉)**
**အမှတ်(၁၄)၊ ပထမထပ်(ဘီ)၊ ဇမ္ဗူသိဂီလမ်း၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၁၇၂၄၆၃၅**

## ကွာရှင်းခွင့်ရှိသူဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ထိပ်ဝလေး ကျေးရွာနေ (ဘ) ဦးအောင်ကျော်စွာ၏ သားဖြစ်သူ ဦးအောင်ရဲထွဋ် (၁၄/ညတန(နိုင်)၁၈၇၆၅၃) ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးအောင်ရဲထွဋ်နှင့်ဒေါ်နှင်းဝတ်ရည်တို့သည် နှစ်ဖက်မိဘများရှေ့မှောက်တွင် (၆–၁၂–၂၀၂၃) ရက်၌တရားဝင်လက်ထပ်ခဲ့ကြပါသည်။ ထိုသို့လက်ထပ်ပြီးဇလွန်မြို့နယ်၊ ဝါးရုံကောက်ကျေးရွာတွင် ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက်ပိုင်းတွင် လင်မယားချင်းအဆင်မပြေဖြစ်၍ တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဦးသဘောတူညှိနှိုင်းဆုံးဖြတ်၍ ကွာရှင်းရန်သဘောတူညီခဲ့ပြီးနောက် (၉–၇–၂၀၂၄)ရက်တွင် ဒေါ်နှင်းဝတ်ရည်မှ လာရောက်ကွာရှင်းပေးခြင်းမရှိသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ဒေါ်နှင်းဝတ်ရည်အပေါ်တွင် ဇလွန်မြို့နယ် တရားသူကြီးရုံးတော်၌ တရားမကြီးမှုအမှတ် ၃၃/၂၀၂၄ ဖြင့် လင်မယားအဖြစ် ကွာရှင်းပေးစေလိုမှုစွဲဆိုခဲ့ပါသည်။ (၂၆–၈–၂၀၂၄) ရက်တွင် ဇလွန်မြို့နယ် တရားသူကြီးရုံးတော်မှကျွန်ုပ် မိတ်ဆွေဖြစ်သော ဦးအောင်ရဲထွဋ်သည် ဒေါ်နှင်းဝတ်ရည်နှင့် အကြင်လင်မယားအဖြစ်မှကွာရှင်း ပြတ်စဲခွင့် ရထိုက်ကြောင်းအနိုင်ဒီကရီချမှတ်ပေးခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်နှင်းဝတ်ရည်တို့သည် လင်မယားအဖြစ် သက်ဆိုင်ခြင်းမရှိတော့သလို (၂၆–၈–၂၀၂၄) ရက်စွဲပါ စီရင်ချက်အမိန့်နှင့် ဒီကရီအရ ကျွန်ုပ်မိတ်ဆွေသည် ကွာရှင်းခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မို့မို့ဇင်ကို(LLB, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၅၇)**
**တိုက်အမှတ် – ၉/၁၁၊ အခန်းအမှတ် – ၀၀၄၊ (မြေညီထပ်)၊ ၃၆ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း – ၀၉–၅၁၄၅၆၃၀၊ ၀၉–၉၇၇၆၇၂၇၅၇၊ ၀၉–၇၅၆၂၁၅၃၃၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁/လင်းဇင်း)၊ ဦးပိုင်အမှတ်(၈၈)၊ မြေကွက်အမှတ်(၁၀၈)၊ မြို့မြေရေိယာ(၀ဒသမ၀၂၉)ကေရှိ မြေကွက်ကို ဦးကျော်မျိုးဇင် ၉/မထလ(နိုင်)၁၇၈၇၅၅၊ ဦးသိန်းသန်းဖြိုး ၉/မထလ(နိုင်)၁၇၈၇၅တို့က မိတ္ထီလာမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၀၉၉/၂၀၂၂)ဖြင့်မှတ်ပုံတင်ပြီးနောက် မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်း ကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့် အမည် (၁၉–၃ူ/ဇောင်ချမ်းကုန်း)၊ ဦးပိုင်အမှတ် (၆၃)၊ မြေကွက်အမှတ် (၆၃)၊ မြေဧရိယာ(၀.၀၆၀)ကေရှိ မြေကွက်သည် ဗိုလ်မှူးကြီးခင်မောင်ထူး အမည်ဖြင့် (၆–၃–၂၀၂၇)အထိ (၃၀)နှစ် မြေငှားဂရန် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအား ဦးဇော်ထူး(၉/ကပတ (နိုင်) ၁၄၀၉၄)က မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူပြီးမြေငှား ဂရန်အမည်ပြောင်း လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှ(၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၃–င/နန်းတော်ကုန်း)၊ ဦးပိုင်အမှတ် (၃၀)၊ မြေကွက်အမှတ်(၃/၉၂)၊ မြေဧရိယာ (၀.၀၄၆)ကေရှိမြေကွက်သည် ဒေါ်အေးကြည်ညွှန့်အမည်ဖြင့် (၃၀–၈–၂၀၃၀)အထိ နှစ် (၃၀)မြေငှားဂရန် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအား ဒေါ်အေးကြည်ညွှန့်ထံမှ ဦးကျော်ထင်(၅/ရဥန(နိုင်) ၀၆၉၂၅၂)–ဒေါ်မျိုးပပအောင် (၅/ရဥန(နိုင်) ၀၆၅၃၇၆)တို့က တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ အုပ်ချုပ်ရေး**
**ဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ–၃၉၊ ဦးပိုင်အမှတ် ၃၊ ၄၂x၄၃ကြား၊ ၅၂x၅၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာညို (ခ)ခင်ဦးမေ ၁၃/ကလန(နိုင်)၀၀၁၆၉၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (ဥဇာ ၅၃၂/ဘီ/၂/၃(၁၂)) ဥဇာရပ်ကွက်၊ ဇီဇဝါလမ်း၊ မြေကွက်အမှတ်(၁၂)၊ အကျယ်အဝန်း–အလျားxအနံ (၆၀x၈၀)ပေဟု ခေါ်တွင်သော (တကက ဦးတင်လှိုင်) အမည်ပေါက် ပါမစ်မြေ ဖြစ်ပြီး ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် အဆက်ဆက်ဝယ်ယူခဲ့သော ဒေါ်ခင်သွယ်ဝင်း (၁၂/ကခက(နိုင်)၀၅၉၉၉၈)က တရားဝင်ပိုင်ဆိုင်ပြီး ယခုအခါ ၎င်း၏ကိုယ်စား အမျိုးသားဖြစ်သူ ဦးညီညီဇော်မှ လက်မှတ်ရေးထိုးရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်အတွင်း၌ရှိသော ရေ၊ မီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကေဇင်ဝင်း (၈/ရနခ (နိုင်)၁၀၇၆၆၄)က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ပြသ ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤမြေကွက်အရောင်းအဝယ်ကို အပြီးအပိုင် ဆက်လက်ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်ကေဇင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စုစုအောင် (LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ (LL.B)** |
| **(စဉ်–၁၃၄၉၈/၂၀၁၇)** | **(စဉ်–၅၃၁၃၁/၂၀၂၀)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ ၁၀–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉–၇၇၈၉၄၀၂၀၆**

## အမွေဆက်ခံခွင့်ရှိကြောင်းအများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ မဟာစည်ရိပ်သာ၊ အောင်မင်္ဂလာကျောင်း၌ သီတင်းသုံးသော ဘဒ္ဒန္တကုသလ(ခ)ဦးကျော်သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ ရဲစုကြီးရပ်ကွက်၊ အောင်ဘောဂ(၃)လမ်းတွင် နေထိုင်သော ဒေါ်ရင်ငွေ ၁၄/ဘကလ(နိုင်) ၁၉၉၅၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

